# ကြိုးဆွဲ

ကားအလှယ်လှယ် ပုဏ္ဏားကွယ်ခန်းဆီက
အားမငယ် ဂုဏ်မငယ်စတမ်းပေပေါ့
ဇာတ်လမ်းတွေ အစုံခြယ်တဲ့
ဇာတ်အခန်းတွေ အကုန်ဖလှယ်ရပြီး
အကွယ်က ဖယ်ရတဲ့ သူခများ။

ဇာတ်သဘင် ဇာတ်စရိုက်ကို
မပြတ်အစဉ် ကပ်လိုက်ပြီး
မှတ်လိုက် မြင်လိုက် အာရုံအပြည့်ရယ်နှင့်
ဇာတ်ခုံမှာ အထပ်ထပ်အစုံစုံ ကြည့်ရသူမို့
ဇာတ်တစ်ရုံမှာ မှတ်မကုန် ရှိသမျှကိုလ
ကြည့်ရ သိရဲ့ရင်း ပညာရှာ။

ကြိုးဆွဲခရီးမှာလ
အကျိုးမနည်းပါဘူးရယ်လို့
အမျိုးမျိုး အနည်းနည်း အဆိုအကတွေကို
တစ်မျိုးပြီး တစ်မျိုး လိုသလိုရရပြီး
ပင်ကိုတပင် သဘင်အဆိုအကကို တမ်းတခဲ့သူမို့
အရွှင်အချို လွမ်းသမျှတွေနဲ့ ရသယှဉ်အလာ . . .
ဇာတ်က အဆင်အထာတွေကို မြင်လို့မှန်း။
(အိုကွယ်) အရပ်က သဘင်အလာတွေကိုပါ
ခင်လို့ကျွမ်း။

ဇာတ်ဆရာကလဲ
မပြတ်အခါခါ အားပေးပြီး
အားသွေးကာ ကျက်ဟာမှတ်ဟာနဲ့
တက်ရ တတ်ရမယ်ဆိုတဲ့ အဖေးအမတွေကြောင့်
အရေးကျရင် အတွေးလှလှလေးနဲ့
သွေးရ သရမည့် ဇာတ်ရုပ်လေးကိုမှန်းပြီး
ဇာတ်သရုပ်အမူအရာ အဆန်းဆန်းရယ်နဲ့
(ကြိုးဆွဲအဖို့မှာတော့ခင်ဗျာ) . . . . .
ဇာတ်ထုပ်နမူနာ အခန်းခန်းနှင့် လွမ်း။ ။

* * * * *